ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၆၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၃၀-၆-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ Japan Self-Defense Forces Day အခမ်းအနားတက်ရောက်ရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ တမူးမြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ် နာရေးဆောင်ရွက်ရန်။ ဒေါက်တာ တင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ဆုချီးမြှင့်ပွဲတက်ရောက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၄က်ဖျားတိုက်ဖျက်ရေးနေ့အခမ်းအနား တက်ရောက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးနှင့် ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၂)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ(၁၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်း များ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အလယ်ရှိ ကန်တော်ကြီးကန်ကို ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အလယ်ရှိ ကန်တော်ကြီးကန်ကို ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင်နဲ့ ကြယ်လိပ်များ မျိုးမတုံးစေရန်နဲ့ အခြားတောရိုင်းတိရစ္ဆာန် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်နိုင်ဖို့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်တို့မှာ ကျရောက်လျက်ရှိပြီး ဘေးမဲ့တောနယ်မြေ (၁၇၉.၁၈)စတုရန်းမိုင် ကျယ်ဝန်းတယ်လို့ သိရပါတယ်။ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှစတင်ကာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် စနစ်တကျ ထိန်းသိမ်းကာကွယ်လျက်ရှိတယ်လို့လည်း သိရှိရပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဇုန်ဒေသဖြစ်ပြီးတော့ အင်တိုင်းတောနိမ့်၊ သန်း/ဒဟပ်တော၊ အထက်ရွက်ပြတ်ရောနှောတဲ့ တောခြောက်တောအမျိုးအစားဖြစ်ကာ တောအတွင်းမှာ နို့တိုက်သတ္တဝါမျိုးစိပ်(၁၈)မျိုး၊ ကုန်းနေရေနေ သတ္တဝါမျိုးစိပ်(၄၃)မျိုး၊ လိပ်ပြာမျိုးစိပ်(၃၉)မျိုးနှင့် ငှက်မျိုးစိပ်(၁၁၃)မျိုးကို တွေ့ရှိရပြီးတော့ ထူးခြားတဲ့ ဂေဟစနစ်ရှိတယ်လို့ဆိုပါတယ်။

အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင်နှင့် ကြယ်လိပ်များ ရွှေစက်တော်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောမှာ ကျင်လည်ကျက်စားလျက်ရှိနေခြင်းဟာ အလွန်တန်ဖိုးကြီးပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်အတွင်းမှာရှိတဲ့ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာလည်း မြန်မာ့ရွှေသမင် ရှိပါတယ်။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာရှိတဲ့ ရွှေသမင်လောက် အကောင်ရေမများပါဘူး။ ၂၀၁၇ ခုနှစ်၊ စာရင်းကောက်ယူမှုအရ အကောင်ရေ (၇၂၈)ကောင်တွေ့ရှိရတယ်လို့ သိရပါတယ်။ ရွှေစက်တော်ဘေးမဲ့တောမှာ ၂၀၁၅ ခုနှစ်က (၁၄၃၈)ကောင် မှားယွင်းနိုင်မှုကောင်ရေ(၅၅၀)ကောင်၊ ၂၀၁၆ ခုနှစ်မှာ (၁၅၇၉)ကောင် မှားယွင်းနိုင်မှုအကောင်ရေ(၃၀၃)ကောင်နဲ့ ၂၀၁၇ ခုနှစ်၊ မတ်လက စာရင်းကောက်ယူမှုအရ(၁၄၅၆)ကောင် မှားယွင်းမှုအကောင်ရေ(၂၂၀)ကောင် ရှိနေတယ်လို့ သိရှိရပါတယ်။

ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ မုန်းချောင်းနှင့်မန်းချောင်းကြားမှာ တည်ရှိပေမယ့် ဘေးမဲ့တောအတွင်းမှာတော့ နွေရာသီမှာ သောက်သုံးရေရရှိနိုင်တဲ့ သဘာဝရေကန် မရှိဘူး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဘေးမဲ့တောအတွင်း ကျက်စားနေတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ နွေအခါမှာ သောက်သုံးရေ ရဖို့အတွက် မုန်းချောင်းနှင့် မန်းချောင်းကို သွားရောက်ကြရပါတယ်။ ဒီလို သွားရောက်ကြရတဲ့အခါမှာ လမ်းခရီးမှာ သမင်မုဆိုးတွေရဲ့ ထောင်ချောက်တွေကအစ အန္တရာယ် အမျိုးမျိုးနှင့်ကြုံကြပြီးတော့ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံကြရပါတယ်။ ဒီအန္တရာယ်ကြောင့် ရွှေသမင်နှင့် ကြယ်လိပ်များ အကောင်ရေ တိုးပွားသင့်သလောက် မတိုးရုံမျှမက ရေရှည်မှာ မျိုးတုံးမယ့်အန္တရာယ်နှင့်လည်း တွေ့ကြုံလာနိုင်ပါတယ်။

နွေရာသီမှာ ရွှေသမင်တွေ ရေသောက်နိုင်ဖို့အတွက် သဘာဝရေကန်ငယ်လေးများ အတွင်းကို ရေဘောက်ဆာများနှင့် ဖြည့်တင်း ဆောင်ရွက်ပေးနေရတဲ့အခြေအနေမှာ အခုရှိနေပါတယ်။ ဒီလို အခက်အခဲအန္တရာယ်များနဲ့ မကြုံတွေ့စေဖို့အတွက် ရွှေသမင်များ နွေရာသီအပါအဝင် ဥတုသုံးပါးစလုံး ဘေးမဲ့တောအတွင်းမှာ သောက်သုံးရေ လုံလောက်စွာရရှိနေလျှင် အခက်အခဲအန္တရာယ်များက လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘေးမဲ့တောအတွင်းမှာရှိတဲ့ ကန်တော်ကြီးကန်၊ မှန်ကပ်ကန်၊ ကန်ပုကန်တို့ကို နှစ်ပတ်လည်ရေရရှိအောင် ပြန်လည်တူးဖော်တည်ဆောက်ရန်လိုအပ်ပြီး ပထမဦးဆုံး ကန်တော်ကြီးကန်ကို မူလအတိုင်း သဘာဝတောင်ကုန်း၊ တောင်တန်းများကို အမှီပြုပြီးတော့ ချောင်းပိတ်ဆည် တည်ဆောက်ပေးရန် လိုအပ်လို့ ယခု မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ရွှေသမင်လေးများ၏ မြင်ကွင်းပုံ (ပ)



နွေရာသီတွင် ရေခမ်းခြောက်နေသဖြင့် ရွှေသမင်များ သောက်သုံးရန် သဘာဝရေကန်ငယ်များထဲသို့ ရေထည့်ပေးနေသော မြင်ကွင်းပုံ (ပ-၁)



နွေရာသီတွင် ရေခမ်းခြောက်နေသဖြင့် ရွှေသမင်များ သောက်သုံးရန် သဘာဝရေကန်ငယ်များထဲသို့ ရေထည့်ပေးနေသော မြင်ကွင်းပုံ (ပ-၂)



**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆောင်ရွက်လုပ်ကိုင်နေသည့် ဝမ်ပေါင်ကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင်ပါသွားသော မြေယာများအနက် လျော်ကြေးရယူခြင်း မရှိသေးသော တောင်သူလယ်သမားများအား မြေယာငှားရမ်းခ လျော်ကြေးနှင့် သီးနှံနစ်နာကြေးများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွန်း က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆောင်ရွက်လုပ်ကိုင်နေသည့် ဝမ်ပေါင်ကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ပါသွားသော မြေယာများအနက် လျော်ကြေးရယူခြင်း မရှိသေးသော တောင်သူလယ်သမားများအား မြေယာငှားရမ်းခ လျော်ကြေးနှင့် သီးနှံ နစ်နာကြေးများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးရဲထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆောင်ရွက်လုပ်ကိုင်နေတဲ့ ဝမ်ပေါင်ကုမ္ပဏီက ခြံစည်းရိုးခတ်ရာမှာပါသွားတဲ့ မြေယာတွေအနက် လျော်ကြေးရယူခြင်း မရှိသေးတဲ့ တောင်သူလယ်သမားတွေကို မြေယာငှားရမ်းခ လျော်ကြေးနှင့် သီးနှံ နစ်နာကြေးတွေ ထုတ်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် မြေဧကပေါင်း (၇၈၆၇.၇၈)ဧကကို ၂၀၁၁ ခုနှစ်ကတည်းက သိမ်းယူခဲ့ပါတယ်။ သို့ပေမယ့် ထိုစဉ်ကတည်းက လျော်ကြေးပေးခြင်းမရှိခဲ့ပါဘူး။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင် အစီရင်ခံစာပေါ်ထွက်လာပြီးနောက်မှသာ သိမ်းဆည်းခံမြေတွေအတွက် လျော်ကြေးကို (၃)ကြိမ်ခွဲပြီး ထုတ်ပေးခဲ့ပါတယ်။ ပထမအကြိမ်မှာ သီးနှံလျော်ကြေး၊ ဒုတိယအကြိမ်မှာ မြေယာလျော်ကြေးနှင့် တတိယအကြိမ်မှာ မြေယာထောက်ပံ့ကြေး ဆိုပြီးတော့ ပေးခဲ့ပါတယ်။ ပထမအကြိမ် သီးနှံလျော်ကြေး ပေးခဲ့စဉ်က မြေတွေကို (၃)နှစ်သာ အသုံးပြုခဲ့မယ်လို့ပြောပေမယ့် (၃)နှစ်စာလျော်ကြေးပေးပြီး (၃)နှစ်ပြည့်တဲ့အခါမှာတော့ အဲဒီမြေတွေကို ပြန်မပေးဘဲနဲ့ သိမ်းခဲ့ပါတယ်။ ပိုင်ရှင်တွေအနေနဲ့ ဘာလျော်ကြေးမှ မရခဲ့ပါဘူး။ လက်ပံတောင်းတောင် အစီရင်ခံစာ ပေါ်ထွက်လာပြီးနောက်မှသာ ဒုတိယအကြိမ် မြေယာလျော်ကြေးနဲ့ တတိယအကြိမ်မှာ မြေယာထောက်ပံ့ကြေးဆိုပြီး ပေးခဲ့ပါတယ်။ (၃)နှစ်စာ သီးနှံလျော်ကြေးကို မြေတစ်ဧကကို ငါးသိန်းနှစ်သောင်း၊ ငါးသိန်းခွဲ စသည်ဖြင့် ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာ ဒုတိယအကြိမ်အဖြစ် ပေးခဲ့ပါတယ်။ ယာမြေတစ်ဧကကို ကျပ်(၁၀)သိန်းကနေ (၁၂)သိန်း၊

နှစ်သီးစိုက်မြေတစ်ဧကကို ကျပ်(၁၅)သိန်းနှုန်းနဲ့ ၂၀-၃-၂၀၁၅ အထိ မြေဧက (၃၉၇၉.၈၉) ဧက အတွက် ကျပ်(၄၀၉၅၇.၂၀)သိန်း လျော်ကြေးပေးခဲ့ပါတယ်။ သို့ပေမယ့် မြေယာလျော်ကြေး၊ သီးနှံ လျော်ကြေးတွေကို ရယူခြင်းမရှိခဲ့တဲ့ တောင်သူတွေ အများအပြား ကျန်ပါသေးတယ်။

ဒုတိယအကြိမ်နဲ့ တတိယအကြိမ် လျော်ကြေးပေးရာမှာ (၁) ကော်မတီရဲ့ သတ်မှတ် လျော်ကြေးဟာ အမှန်ပေါက်ဈေးနဲ့ များစွာကွာဟခြင်း၊ (၂) ရေရှည်ဘဝရပ်တည်ရေးအတွက် အာမခံ ချက်မရှိခြင်း၊ (၃) ခေးမဦးချမြေယာတွေကို ရာသက်ပန် စွန့်လွှတ်လိုမှု မရှိခြင်းဆိုတဲ့ အချက်(၃)ချက် ကြောင့် လျော်ကြေးမယူတဲ့ ဒေသခံတောင်သူပေါင်း(၂၅၀)ကျော်နဲ့ လျော်ကြေးမယူတဲ့ မြေဧကပေါင်း (၁၉၉၈.၇၅)ဧက ကျန်ရှိနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်ကတော့ တောင်သူလယ်သမားတွေဟာ မိမိတို့ ဘိုးစဉ် ဘောင်ဆက် လုပ်ကိုင်ခဲ့ကြတဲ့မြေယာတွေကို ကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင်ပြီး လက်ပံတောင်းတောင်ကြီးရဲ့ သဘာဝအလှတွေကို တစိမ့်စိမ့်ခံစားရင်း အေးအေးလူလူ နေထိုင်လိုသူတွေပါ။ ဘာလျော်ကြေးမှ မလို ချင်ကြပါဘူး။ သို့ပေမယ့်လည်း သူတို့ရဲ့ မြေယာတွေလုပ်ပိုင်ခွင့် ဆုံးရှုံးပြီးတော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် မိမိတို့လယ်ယာမြေတွေကို အတင်းအကြပ် သိမ်းဆည်းခံခဲ့ကြရတယ်။ ယခု အခါမှာတော့ လျော်ကြေးမယူခဲ့တဲ့တောင်သူတွေဟာ စားဝတ်နေရေး အလွန်ကျပ်တည်းလျက်ရှိပြီး တချို့ဆိုရင် သားသမီးတွေကိုပင် ကျောင်းမထားနိုင်တဲ့အခြေအနေကို ရောက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ဦးတည်လျှောက်လှမ်းနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေအကြားမှာပင် အမျိုးသားရင်ကြားစေ့ရေးမူဝါဒကို ကျင့်သုံးနေတယ်ဆိုရင် လက်ပံ တောင်းတောင်ဒေသမှ တောင်သူလယ်သမားတွေရဲ့ ပြဿနာကို ပြေလည်အောင် ဆောင်ရွက်မပေး နိုင်စရာ မရှိဘူးလို့ ထင်မြင်ပါတယ်။ ဒါကြောင့် ယနေ့အချိန်မှာ မြေယာတွေ အသိမ်းခံထားရပြီး မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးတွေ ရယူခြင်းမရှိသေးတဲ့ တောင်သူတွေအတွက် သီးနှံနစ်နာ ကြေးတွေပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့အတွက် ယခု မေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ခံစားခွင့် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ [လက်ပံတောင်း (ကြေးနီ)၊ တကောင်း (နီကယ်)၊ ကမ်းလွန် (သဘာဝဓာတ်ငွေ့)၊ ကျောက်ဖြူ (ရေနက် ဆိပ်ကမ်း)] တွင် တိုင်းရင်းသားပညာရှင် ဝန်ထမ်းများအား အချိုးကျခန့်ထားရန် သတ်မှတ်ချက်များကို စာချုပ်များတွင် ထည့်သွင်း ချုပ်ဆိုထားခြင်း ရှိ/မရှိနှင့် ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအား ဝင်ငွေခွန် ကောက်ခံထားခြင်း ရှိ/မရှိ တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ် က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ခံစားခွင့် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော

စီမံကိန်းများ [လက်ပံတောင်း(ကြေးနီ)၊ တကောင်း(နီကယ်)၊ ကမ်းလွန်(သဘာဝဓာတ်ငွေ့)၊ ကျောက်ဖြူ (ရေနက်ဆိပ်ကမ်း)] တွင် တိုင်းရင်းသားပညာရှင် ဝန်ထမ်းများအား အချိုးကျခန့်ထားရန် သတ်မှတ်ချက်များကို စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုထားခြင်း ရှိ/မရှိနှင့် ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအား ဝင်ငွေခွန် ကောက်ခံထားခြင်း ရှိ/မရှိ တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ခံစားခွင့် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ [လက်ပံတောင်း(ကြေးနီ)၊ တကောင်း(နီကယ်)၊ ကမ်းလွန် (သဘာဝဓာတ်ငွေ့)၊ ကျောက်ဖြူ(ရေနက်ဆိပ်ကမ်း)]များတွင် တိုင်းရင်းသားပညာရှင် ဝန်ထမ်းများအား အချိုးကျခန့်ထားရန် သတ်မှတ်ချက်များအား စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုထားခြင်း ရှိ/မရှိ၊ ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအား ဝင်ငွေခွန် ကောက်ခံထားခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က သတ္တုတွင်းဝန်ကြီးဌာနလက်အောက်မှာ စံပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းကို မြန်မာ-အိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်နှင့် အကျိုးတူခံစားခြင်းစာချုပ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်(၇)ဦးသာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အထက်ပိုင်း ဒုတိယအဆင့်ရာထူးမှ အောက်ခြေဝန်ထမ်းအထိ တိုင်းရင်းသားပညာရှင်ဝန်ထမ်းများအား ကြေးနီထုတ်လုပ်ဖို့ တာဝန်ပေးခဲ့ပါတယ်။

အလားတူ သတ္တုတွင်းဝန်ကြီးဌာန၊ ပြင်ဦးလွင် အမှတ်(၁)သံနှင့်သံမဏိစက်ရုံကို ၁၉၇၉-၁၉၈၀ ခုနှစ်မှာ အီတလီနိုင်ငံ Danieli ကုမ္ပဏီနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ်ကလည်း စီမံကိန်းတည်ဆောက်ရေးကာလနှင့် စက်စမ်းသပ်လည်ပတ်တဲ့ကာလတွေမှာသာ နိုင်ငံခြားသားများ ပါဝင်ခဲ့ပြီး စက်လွှဲပြောင်းပေးအပ်ခဲ့တဲ့ (Commission- Period) ကစပြီး မြန်မာတိုင်းရင်းသား ပညာရှင်များနဲ့သာ လည်ပတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာအိုင်ဗင်ဟိုးလက်ထက် ကြေးနီထုတ်လုပ်တဲ့နည်းစဉ်နှင့် ယခု မြန်မာယန်စီထုတ်လုပ်တဲ့နည်းစဉ် ကွာခြားချက်မရှိဘဲ အတူတူဖြစ်နေပါတယ်။ ဒါပေမဲ့ အောက်ခြေ

ဝန်ထမ်းတွေမှာသာ မြန်မာဝန်ထမ်းများကို ခန့်ထားပြီး အထက်ပိုင်းရာထူးနှင့် ကျန်အောက်ခြေသိမ်း ဝန်ထမ်းရာထူးတွေမှာ နိုင်ငံခြားသားများ အမြောက်အမြား ခန့်ထားတာကို တွေ့ရှိရပါတယ်။

ဒါက ပြီးခဲ့တဲ့ စံပယ်တောင်ကြေးနီစီမံကိန်းပါ။ အလားတူ တကောင်းနီကယ်ထုတ်လုပ်ရေး နည်းစဥ်ကလည်း ပြင်ဦးလွင် အမှတ်(၁) သံနှင့် သံမဏိစက်ရုံက ထုတ်လုပ်တဲ့နည်းစဥ် ကွာခြားမှု မရှိဘဲ တကောင်းနီကယ်စက်ရုံ စမ်းသပ်လည်ပတ်စဥ်က လျှပ်စစ်မီးကူးကြောင်းဖို (Electric Arc Furnace) ပေါက်ကွဲခဲ့ပါတယ်။ အဲဒီအချိန်က နိုင်ငံခြားသားပညာရှင်များ ပြန်လည်မပြုပြင်နိုင်ခဲ့လို့ ကျွန်တော်တို့ ပြင်ဦးလွင်မှာရှိတဲ့ သံမဏိစက်ရုံဝန်ထမ်းများ၊ ပညာရှင်များက အောင်မြင်စွာ ပြန်လည် ပြုပြင်ပေးနိုင်ခဲ့ပါတယ်။ ဒါက ခုန ပေါက်ကွဲသွားတဲ့ သံရည်ကျိုတဲ့ဖိုပါ။ ဖယ်ရိုနီကယ်လ်များအား စမ်းသပ်ကျိုချက်ထုတ်လုပ်စဥ်ကလည်း သတ်မှတ်အရည်အသွေးအတိုင်း နိုင်ငံခြားသားပညာရှင် မထုတ်လုပ်နိုင်ခဲ့လို့ ကျွန်တော်တို့ ပြင်ဦးလွင်သံမဏိစက်ရုံက အင်ဂျင်နီယာများက အောင်မြင်စွာ ကျိုချက်ထုတ်လုပ် ပေးနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကာလမှာ တကောင်းနီကယ်စက်ရုံမှာ အောက်ခြေရာထူး၊ လုံခြုံ ရေး၊ ထမင်းချက်၊ သန့်ရှင်းရေးတွေမှာသာ အောက်ခြေမြန်မာဝန်ထမ်းများကိုခန့်ထားပြီး အထက်ပိုင်း ရာထူးတွေမှာ နိုင်ငံခြားသားများကိုသာ ခန့်ထားလုပ်ကိုင်လျက်ရှိတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့သယံဇာတများထုတ်လုပ်ရာမှာ မြန်မာလူငယ်များ၊ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာရေး အတွက် ရည်မှန်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတွင် ဖမ်းဆီးရရှိခဲ့သည့် တရားမဝင် သစ်များကို ဖမ်းဆီး သိမ်းဆည်း ရရှိသည့် အချိန်မှစ၍ ရက်ပေါင်း (၉၀)အတွင်း သက်ဆိုင်ရာမှ လေလံတင် ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတွင် ဖမ်းဆီးရရှိခဲ့သည့် တရားမဝင် သစ်များကို ဖမ်းဆီး သိမ်းဆည်းရရှိသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း သက်ဆိုင်ရာမှ လေလံတင်ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့။ လေးစား အပ်ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ အမျိုးသားလွှတ်တော်သို့ ကြွရောက် လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် အမျိုးသားလွှတ်တော်မှာ မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံတော် အတွင်း နေရာဒေသအနှံ့အပြားမှာ ဖမ်းဆီးရရှိခဲ့တဲ့ တရားမဝင်သစ်တွေကို ဖမ်းဆီးရမိခဲ့တဲ့ အချိန်

ကာလမှစ၍ ရက်ပေါင်း(၉၀) (၃)လအတွင်း သက်ဆိုင်ရာမှ နဂိုမူလအတိုင်း လေလံတင်ရောင်းချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်အတွင်း နေရာအနှံ့အပြားမှာ တရားမဝင်သစ်ခိုးထုတ်မှုများ ပိုမိုများပြားလျက်ရှိပြီး ဖမ်းဆီးရရှိခဲ့တဲ့ သစ်တန်ပေါင်းမှာလည်း အလွန် အများအပြားပါ။ အဖိုးတန်သစ်များကိုသာ ဖမ်းဆီးရလျက်ရှိပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ကချင်ပြည်နယ်တို့မှာ အများဆုံးတရားမဝင်သစ်များကို ဖမ်းဆီးရလျက်ရှိပါတယ်။ တရားမဝင်သစ်များကို ခိုးယူထုတ်လုပ်ရာမှာလည်း နည်းလမ်းမျိုးစုံ၊ ကားမျိုးစုံတို့ဖြင့် ခိုးယူထုတ်လုပ်လျက်ရှိပြီး အဖိုးတန်သစ်များဖြစ်ကြသည့် ကျွန်း၊ ပိတောက်၊ တမလန်းများကိုသာ အဓိကထားခိုးယူလျက်ရှိကြပြီး နိုင်ငံတော်အတွင်း အလွယ်တကူဝယ်ယူရရှိနေတဲ့ Chainsaw များကြောင့်လည်း သစ်ခိုးထုတ်မှုများဟာ ပိုမိုကြီးထွားလာနေတာကိုတွေ့ရှိရပါတယ်။ တရားမဝင်သစ်များကို သက်ဆိုင်ရာက တာဝန်ရှိသူများက ဖမ်းဆီးရရှိတဲ့အခါမှာ သက်ဆိုင်ရာ သစ်တောဝန်ထမ်းများအနေဖြင့် ဖမ်းဆီးရရှိခဲ့တဲ့ သစ်များအား သစ်အမျိုးအစား ခွဲခြားခြင်း၊ သစ်တန်ချိန် တိုင်းတာသတ်မှတ်ခြင်း၊ ဖမ်းဆီးတံဆိပ် ရိုက်နှိပ်ခြင်း၊ သိမ်းဆည်းခြင်း စတဲ့ လုပ်ငန်းဆောင်ရွက်မှုများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ကြရပါတယ်။ ထိုသို့ ဆောင်ရွက်တဲ့အခါမှာ ချက်ချင်းလက်ငင်း ဆောင်ရွက်ရတဲ့လုပ်ငန်းများရှိသလို အချိန်ယူဆောင်ရွက်ရမယ့်လုပ်ငန်းများ ရှိတာကိုလည်း နားလည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါသော်လည်း တရားခံကို ဖမ်းဆီးရရှိခဲ့သည်ဖြစ်စေ၊ တရားခံထွက်ပြေးလွတ်မြောက်ပြီး ပိုင်ရှင်မဲ့ ဖမ်းဆီး သိမ်းဆည်းရရှိသည်ဖြစ်စေ၊ ထိုသစ်များကို ဖမ်းဆီးရရှိခဲ့တဲ့နေရာမှလည်းကောင်း၊ ဖမ်းဆီးရရှိခဲ့တဲ့နေရာမှ အခြားနေရာသို့ ရွှေ့ပြောင်းသည့်အခါတွင်လည်းကောင်း၊ သစ်အတင်အချ အလုပ်သမားစရိတ်၊ သယ်ယူစရိတ်တို့ များစွာကုန်ကျနေပါကြောင်း အချိန်မီ မသယ်နိုင်ပါက ထိုသစ်များကို ပြန်လည်ခိုးယူခြင်း၊ အကောင်းနှင့် အဟောင်း လဲလှယ်ခြင်း၊ အတို၊ အရှည်၊ အကြီး၊ အသေး လဲလှယ်ခြင်းများ ပြုလုပ်လာကြပြီး ဖမ်းဆီးသစ်များကို အချိန်ကြာမြင့်စွာ နှစ်နဲ့ချီသိမ်းဆည်းစုပုံထားရတဲ့အတွက် သက်ဆိုင်ရာဌာနအတွက်လည်း ဝန်ထုပ်ဝန်ပိုး များစွာဖြစ်ခဲ့ပြီး ထိုသစ်များဟာလည်း မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးကာ နောက်ဆုံးမှာတော့ သုံးမရတဲ့အခြေအနေအထိ ရောက်ရှိသွားတဲ့အတွက် နိုင်ငံ့ဘဏ္ဍာများ များစွာဆုံးရှုံးနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ ပျက်စီးသွားတဲ့ သစ်များကို သက်ဆိုင်ရာမှ လေလံပစ်တဲ့အခါမှာ မူလသစ်တန်ချိန်နဲ့ အနည်းငယ်လျှော့ပေါ့၍ လေလံပစ်ပါသော်လည်း လေလံအောင်သူတို့က ထိုသစ်အဟောင်းများနေရာတွင် သစ်အကောင်းများဖြင့် အစားထိုးလဲလှယ်ပြီး ပုံစံ(၈)ကို ကိုင်ဆောင်လျက်မရိုးမသားလုပ်ကိုင်ဆောင်ရွက်နေမှုများအတွက် နိုင်ငံ့ဘဏ္ဍာများ နှစ်ကြိမ်၊ နှစ်ခါ နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဒါတွေဟာ လက်ရှိပကတိအခြေအနေမှာ အဖြစ်အမှန်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဘဏ္ဍာများ နှစ်ကြိမ်၊ နှစ်ခါ မဆုံးရှုံးစေရန် သက်ဆိုင်ရာမှ ဖမ်းဆီးရရှိခဲ့တဲ့ တရားမဝင်သစ်မျိုးစုံတို့ကို ရက်ပေါင်း (၉၀)၊ (၃)လအတွင်း လုပ်ငန်းများ ပြီးပြတ်အောင်မြင်အောင် ဆောင်ရွက်ဖို့

အရေးတကြီး လိုအပ်နေပြီလို့ ယူဆရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း တရားမဝင် သစ်များဖမ်းဆီးရရှိတဲ့အခါ လေလံတင်ရောင်းချတဲ့ အစီအစဥ်လုပ်ငန်းများ ပြင်ဆင်ပြောင်းလဲသင့်ပြီး ထိုဖမ်းဆီးသစ်များကို လေလံတင်ရောင်းချတဲ့ အစီအစဉ်မှ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ ဖြစ်တဲ့ လမ်းတံတား၊ အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့ ဖမ်းဆီး ရမိတဲ့ဒေသက ပုဂ္ဂလိက သစ်စက်များမှာ နိုင်ငံပိုင်သစ်စက်များမှာ အပ်နှံခွဲခြမ်းစိတ်ဖြာပြီး လိုအပ်တဲ့ ဌာန၊ လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့ဒေသများသို့ တရားဝင် ပြန်လည်ရောင်းချ အသုံးပြုခွင့်ပေးမယ် ဆိုရင်တော့ တည်ဆောက်ရေးလုပ်ငန်းများအတွက် များစွာ အဆင်ပြေချောမွေ့သွားပြီးတော့မှ နိုင်ငံ အနှံ့အပြားက တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်နေတဲ့သစ်များကို တင်ဒါအောင်မြင်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီကြီးများအနေဖြင့် ပြင်ပမှ တရားမဝင် ဝယ်ယူနေရတဲ့ သစ်ကိစ္စအားလုံး ကိုလည်း အလိုလို ဖြေရှင်းပြီးသားဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားခံများကို ဖမ်းဆီးရရှိပြီးမှ၊ တရားခံကို ပြစ်ဒဏ်စီရင်ပြီးမှ သစ်များကို လေလံတင်မယ် ဆိုရင်တော့ အချိန်တွေ အများကြီးကြာပြီး ဒုံရင်းဒုံရင်းနှင့် ပြီးသွားပါလိမ့်မယ်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံအတွင်း နေရာအနှံ့အပြားမှာ ဖမ်းဆီးရမိတဲ့တရားမဝင်သစ်များကို ဖမ်းဆီးရမိ တဲ့အချိန်မှစ၍ နိုင်ငံ့ဘဏ္ဍာများ မဆုံးရှုံးရလေအောင် ရက်ပေါင်း(၉၀)အတွင်း မူလပကတိ အခြေအနေ အတိုင်း လေလံတင်ရောင်းချပေးနိုင်ရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**သဘာဝဘေးမဲ့ ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စား ရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့နှင့် ရေခဲတောင်ဒေသမှ ကော်ဒီဆက်ပ် ခေါ် ရှီးပတီးပိုးန္တယ်ပင်တို့အား အလေ့ကျ သဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင်ပစ္စည်းများ ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က သဘာဝဘေးမဲ့ ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စား ရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့နှင့် ရေခဲတောင်ဒေသမှ ကော်ဒီဆက်ပ်ခေါ် ရှီးပတီးပိုးန္တယ်ပင်တို့အား အလေ့ကျသဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့ဈေး ကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင်ပစ္စည်းများ ထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ် ကြီးများ၊ ဧည့်သည်တော်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မေးမြန်းတဲ့မေးခွန်းက ၂၅-၇-၂၀၁၆ ရက်နေ့က မေးမြန်းသွားတဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ မူးယစ်ဆေးနဲ့ပတ်သက်တဲ့မေးခွန်းကို ၂-၈-၂၀၁၆ ရက်နေ့က ကျွန်တော့်ရဲ့ ထောက်ခံဆွေးနွေးခဲ့တဲ့အပိုင်းမှာ တောင်ပေါ်ဒေသနေ ပကတိ ရိုးသားကြတဲ့ တိုင်းရင်းသားတွေရဲ့ ဘိန်းမစိုက်ပျိုးဘဲ အခြားဝင်ငွေကောင်းပြီး တစ်နှစ်အတွင်း ဝင်ငွေ ပေါ်မယ့် အလုပ်အကိုင်သစ်တွေ ရှာဖွေဖန်တီးပေးဖို့ ကျွန်တော် တင်ပြခဲ့ပါတယ်။ ယနေ့တင်ပြမယ့် မေးခွန်းက ၂၇-၆-၂၀၁၇ ရက်နေ့က တင်ပြပြီးဖြစ်တဲ့ ဝင်ငွေကောင်းတဲ့ ဈေးကွက်ဝင်ဆေးဝါး ပစ္စည်းများ ပြည်ပတင်ပို့ရေးနည်းတူ သဘာဝဘေးမဲ့ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စား ရှင်သန်နေကြတဲ့ ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့နှင့် ရေခဲတောင်ဒေသကထွက်ရှိတဲ့ ရှီးပတီး ခေါ် ကော်ဒီဆက်ပ် Life Cycle အတွင်း Catapillar များကို စနစ်တကျ မွေးမြူပြီး ကမ္ဘာ့ဈေးကွက်ဝင် ပြည်ပပို့ကုန်ပစ္စည်းများအဖြစ် တီထွင်ထုတ်လုပ်ပေးဖို့ နှိုးဆော်တဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ဆောင်မှုများအတွက် SME အသေးစားနဲ့ အလတ်စား လုပ်ငန်းတို့အတွက် နိုင်ငံတော်ကဖြစ်စေ၊ ပြင်ပ NGO အဖွဲ့အစည်းတို့ကဖြစ်စေ၊ ငွေကြေး စိုက်ထုတ်ပြီး လုပ်ဆောင်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကမ္ဘာ့နိုင်ငံများက သဘာဝရေမြေ အနေအထား ထူးခြားကောင်းမွန်လှတဲ့အတွက် ပါရမီထူးတဲ့နိုင်ငံ (Gifted Country) ဆိုပြီးတော့ ကင်ပွန်းတပ်လေ့ရှိပါတယ်။ ဒီလို ရေမြေတောတောင် သဘာဝအခြေအနေပေးခြင်းနဲ့ သဘာဝသယံ ဇာတကြွယ်ဝသော်လည်း မြန်မာနိုင်ငံအနေနဲ့ မိမိနိုင်ငံ၏ အခြေခံအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူပြီး ပြည်ပဈေးကွက်များနဲ့ ယှဉ်ပြိုင်ရာမှာတော့ အားနည်းမှုများရှိနေကြောင်း တွေ့ရှိရပါတယ်။ နမူနာအားဖြင့် အိမ်နီးချင်းနိုင်ငံ တရုတ်ပြည်တွင် ကမ္ဘာ့ဝယ်လိုအားအကောင်းဆုံး ဆေးပစ္စည်းများကို သဘာဝအလျောက် ကျက်စားသည့် သတ္တဝါတို့အား စနစ်တကျ မွေးမြူကာ အသုံးချ ဆေးပစ္စည်းများ အဖြစ် ထုတ်ယူပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ပြည်ပငွေကြေး ဒေါ်လာဘီလီယံချီပြီး ရရှိနေပါတယ်။ မြန်မာပြည်တွင်းမှ သတ္တဝါထွက်ပစ္စည်းများကိုလည်း ကုန်သည်များက တစ်ဆင့်ခံ အဝယ်ဒိုင်ဖွင့်ပြီး ကမ္ဘာ့ဈေးကွက်ဆီ တင်ပို့ရောင်းချနေတာ တွေ့ရှိရပါတယ်။ အထူးတင်ပြလိုသည်မှာ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝအရ အလေ့ကျ ရှင်သန်ပေါက်ဖွားနေသည့် ဆတ်၊ သမင်၊ ကတိုးနှင့် ကမ္ဘာ့ဆေးဝါးလောကဈေးကွက်ဝင် သတ္တဝါထွက်ပစ္စည်းများကို မြန်မာနိုင်ငံမှာလည်း မွေးမြူ ထုတ်လုပ်သွားရန် ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ မွေးမြူရေးလောကမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ နွားနောက်၊ ကြက်၊ ဝက်၊ ဘဲ ရေထွက်သတ္တဝါများလောက်သာ အဓိကထားပြီး မွေးမြူနေကြပြီး ဆင်၊ မြင်းနဲ့ ဖော်ပြပါ ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့ မွေးမြူခဲ့ခြင်းမရှိပါ။ မကြာသေးတဲ့ကာလတို့မှာ ပျားမွေးမြူရေးနဲ့ ငှက်သိုက်အတွက် မြိတ်ဒေသနဲ့ တနင်္သာရီတိုင်းဘက်တွေမှာ စတင်အကောင်အထည်ဖော်နေကြောင်း သိရှိရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ၏တောတောင်ဒေသများဖြစ်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း၊ ကယား၊ စတဲ့ ဝေးလံခေါင်ဖျား ပြည်နယ်ဒေသများအတွက် မူးယစ်ဆေးအခြေခံ ဘိန်းစိုက်ပျိုးမှု ကင်းဝေးစေရန်

တစ်ရာသီအတွင်းဖြစ်ထွန်းပြီး ဘိန်းထက် ဝင်ငွေကောင်းတဲ့ ဆေးဝါးအသုံးချ ဆတ်၊ သမင်၊ ကတိုး ကချင်ဒေသ ရေခဲတောင်တို့မှာထွက်ရှိတဲ့ သဘာဝကော်ဒီဆက်ပ်တို့ကို သိပ္ပံနည်းကျ မွေးမြူရန် အားပေးရမှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ဆောင်ချက်များမှာ မြန်မာနိုင်ငံအတွက် ခေါင်းစဉ်သစ်များ ဖြစ်၍ အထူးအဆန်းဖြစ်နေသော်လည်း အိမ်နီးချင်း တရုတ်နိုင်ငံအတွက် ဒေါ်လာဘီလီယံချီ ရရှိနေတဲ့ သတ္တဝါများ မွေးမြူထုတ်လုပ်ခြင်းအားဖြင့် ကြီးမားလှတဲ့အကျိုးအမြတ်များ ရရှိခံစားနေတာဖြစ်ပါတယ်။

ကျွန်တော်ကိုယ်တိုင် ဆတ်ချိုနု ထုတ်လုပ်ရေးနှင့် ကတိုး မွေးမြူရေးတို့ကို ၁၉၈၅-၁၉၈၆ - ၁၉၈၇ ကာလများမှာ စီမံချက်များရေးဆွဲကာ နိုင်ငံတော်သို့ တင်ပြခဲ့ပါတယ်။ ထိုစဉ်က ကွင်းဆင်း စစ်ဆေးခြင်းများ လုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်နိုင်ခြင်း မရှိခဲ့ပါ။ ယခု အခါ ဘေးမဲ့ကာကွယ်တောများကို တိရစ္ဆာန်ရုံများမှ ပိုလျှံ ဆတ်၊ သမင်များ တောတွင်းသို့ စေလွှတ်ပြီး ဘေးမဲ့ပေးခြင်းတို့သည် ဒေသခံ တောလိုက်မုဆိုးတို့ အကြိုက်လုပ်ဆောင်ပေးနေသည့်သဘော အန္တရာယ် သက်ရောက်စေပါတယ်။ အကယ်၍ စနစ်တကျ မွေးမြူထိန်းကျောင်းပြီး ဆေးဖက်ဝင်ဦးချိုနုများကို သတ္တဝါမသေစေဘဲ ထုတ်လုပ်ပေးခြင်းဖြင့် သတ္တဝါတို့ဟာ သက်တမ်းစေ့ နေနိုင်သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ ဖော်ပြအပ်သော ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံ တို့မှစ၍ ဆေးဝါးအသုံးချ သတ္တဝါ ထွက်ပစ္စည်းများအား သတ္တဝါလည်း စနစ်တကျမွေးမြူနိုင်စေ၊ ကမ္ဘာ့ဈေးကွက်ဝင် အသုံးချပစ္စည်းများ လည်းရရှိစေ၊ ဘိန်းစိုက်ဒေသတို့အတွက် ဘိန်းထက်ဝင်ငွေကောင်းတဲ့ အဆိုပါ လုပ်ဆောင်ချက်များကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ပေးသွားရန် အစီအစဉ်များရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ရဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအလယ်ရှိ ကန်တော်ကြီးကန်အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရနဲ့ ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါ ခင်ဗျား။

ကိုယ်စားလှယ်တော်ကြီး ခုနက Power Point မှာ အပြည့်အစုံ တင်ပြသလိုပါပဲ ကျွန်တော်တို့ ဒီ ဘေးမဲ့တောအားဖြင့် နှစ်ပေါင်း(၈၀)နီးပါးခန့်က ကျွန်တော်တို့ စတင်ဖွဲ့စည်းပြီးတော့ ၁၉၈၅ ခုနှစ်မှာတော့ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ စပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒီမှာ အခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ။ အပူပိုင်းဇုန်မှာပေါက်တဲ့ တောမျိုးစုံလည်း ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ အင်မတန်ရှားပါးလှတဲ့ မြန်မာ့ရွှေသမင် ရှိသလို မြန်မာ့ကြယ်လိပ် ဆိုတာလည်း အင်မတန်ရှားပါးပါတယ်။ ဒါတွေ ရှိပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေရမယ်ဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီးမှာရှိတဲ့ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အလယ်မှာရှိတဲ့ ကန်တော်ကြီးကန်ဟာ တစ်နှစ်ပတ်လည် ရေရရှိဖို့အတွက် ပြန်လည် ဆည်ဖို့ တူးဖော်ရန်အတွက် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ ကန်တော်ကြီး ကန်အတွင်းမှာရှိတဲ့ ကန်ငယ်လေး(၂)ကန်ကို ပြန်လည်တူးဖော်ရန်ကိစ္စနှင့် ဆည်မြောင်းဦးစီးဌာနနဲ့ ကျွမ်းကျင်သူများနှင့် ကျွန်တော်တို့ ဆောင်ရွက်လို့ရှိရင် ကုန်ကျမယ့်စရိတ်များကို တွက်ချက်ခဲ့ပါတယ်။ ဖော်ပြပါ ကန်ငယ်လေးများကို တူးလို့ရှိရင် စက်ယန္တရားနဲ့တူးလို့ရှိရင် ကျပ်သိန်းပေါင်း(၁၁၀)ခန့်ပါ။ လူနဲ့ တူးလို့ရှိရင်ကတော့ (၂၉၂)သိန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

သို့ပါ၍ ကန်တော်ကြီးကန်အား ပြန်လည်တူးဖော်ရာတွင် ရန်ပုံငွေလျာထားခြင်းမရှိသဖြင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ ဆောင်ရွက်ရန်မရှိပါကြောင်းနှင့် သစ်တောဦးစီးဌာနက နေပြီးတော့ ၂၀၁၈-၂၀၁၉ မှစပြီးတော့ (၁၀)နှစ်စီမံကိန်းအဖြစ် ဆောင်ရွက်ရေးသားနေတဲ့ ရွှေစက်တော်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နေရင်းဒေသ ပြန်လည်တည်ထောင်ရေးစီမံကိန်းမှာတော့ ကန်တော်ကြီး ကန်အတွင်းရှိ ရေကန်ငယ်များကို ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို ထည့်သွင်းထားရှိပါကြောင်းနဲ့ စီမံကိန်းကို အတည်ပြုပြီးတော့ ရန်ပုံငွေရရှိပါက ကန်တော်ကြီးကန်အတွင်းမှာရှိတဲ့ ရေကန်ငယ်များ တူးဖော်ခြင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကစပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သီးခြားအနေနဲ့ ကျွန်တော်ဖြည့်စွက်တင်ပြချင်တာကတော့ မကွေးတိုင်းဒေသကြီး အစိုးရက နေပြီးတော့ ကျွန်တော်တို့ မနေ့က ညှိနှိုင်းပြောဆိုချက်အရ ဝန်ကြီးချုပ်အနေနဲ့ ရွှေစက်တော် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်း ကိုယ်ပိုင်ရန်ပုံငွေနဲ့ ရေတွင်းတူးပြီးတော့ ဆိုလာစနစ်သုံး ရေတင်စက် တပ်ဆင်ပြီးတော့ သဘာဝရေကန်ငယ်များအတွင်း ရေဖြည့်တင်းရန်အတွက် အစီအစဉ်များ ဆောင်ရွက် နေပါသဖြင့် ယခုအခါ ဖြစ်နိုင်ခြေ ဆန်းစစ်မှုများကို ကွင်းဆင်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ရဲ့ လက်ပံတောင်းတောင် ကြေးနီ စီမံကိန်းကို ဆောင်ရွက်ကြတဲ့ ဝမ်ပေါင်ကုမ္ပဏီက ခြံစည်းရိုးခတ်ရာမှာ ပါသွားတဲ့မြေယာများအနက် လျော်ကြေးရယူခြင်းမရှိသေးတဲ့ တောင်သူလယ်သမားများကို မြေယာငှားရမ်းခ လျော်ကြေးနှင့် သီးနှံ နစ်နာကြေးများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီး ကျွန်တော်တို့ကို တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ဒီစီမံကိန်းပေါ်မှာ သိမ်းဆည်းခံမြေများအတွက် တောင်သူများ နစ်နာမှုမရှိစေရန် နိုင်ငံတော်ကနေပြီးတော့ ဖွဲ့စည်းပေးတဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်တွေနှင့် အစီရင်ခံစာအပေါ်မှာ အကောင်အထည်ဖော် ရေးကော်မတီရဲ့ ညွှန်ကြားမှုအတိုင်း မြေယာလျော်ကြေးများ ရယူခဲ့တဲ့တောင်သူများ နစ်နာကြေး၊ ထပ်တိုးထောက်ပံ့ကြေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းမရမီ ထောက်ပံ့ကြေးများကို ပေးလျက်ရှိပါတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိတဲ့ ဝမ်ပေါင် ကုမ္ပဏီက ခြံစည်းရိုး ခတ်ရာမှာပါသွားတဲ့ မြေယာများအနက် လျော်ကြေးရယူခြင်းမရှိတဲ့ တောင်သူ လယ်သမားများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကနေပြီးတော့ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးတို့နှင့် ခရိုင်စီမံ ခန့်ခွဲရေးကော်မတီ၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့၊ အမှတ်(၁)သတ္တု တွင်းလုပ်ငန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာ့ဝမ်ပေါင်မိုင်းနင်းကော့ပါးကုမ္ပဏီမှ တာဝန်ရှိ သူများ ပူးပေါင်းတဲ့ လက်ပံတောင်းတောင်၊ ကြေးနီစီမံကိန်းနဲ့ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက် ရေးအဖွဲ့ (Joint Implementation Team - JIT) ကနေပြီးတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကော်မတီရဲ့ အကြံပြုချက်အတိုင်း စိစစ် ပြီးတော့ မြေယာနစ်နာကြေးနဲ့ သီးနှံနစ်နာကြေးများကို ဆက်လက်ပြီးတော့ ထုတ်ပေးလျက်ရှိပါတယ်။

ကျွန်တော် Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ မြေယာနစ်နာကြေးနဲ့ သီးနှံလျော်ကြေး များကို စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာပါ အကြံပေးချက်နဲ့အညီ ၁၃-၃-၂၀၁၃ ရက်နေ့ ကနေပြီးတော့ အခု ၃၁-၅-၂၀၁၇ ရက်နေ့အထိ ကုမ္ပဏီက မြေဧက(၄၈၁၇.၄၇)အတွက် ငွေကျပ် သိန်းပေါင်း(၄၉၅၀၁.၇၇)ကျပ်သိန်းကို လျော်ခဲ့ပြီးပါပြီ။ ပေးလျော်ရန်ကျန်တဲ့ မြေဧက(၁၈၁၀.၀၆) ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံး ရာခိုင်နှုန်းနဲ့ပြောမယ်ဆိုရင် (၇၃.၂၆)ရာခိုင်နှုန်းကို ထုတ်ပေးပြီး ဖြစ်ပါတယ်။ ရေတွင်း(၁၆၄)တွင်းအတွက် ငွေကျပ်သိန်းပေါင်း(၂၇၉.၃၁)ကို လျော်ပေးပြီးတော့ ထုတ်ယူရန်ကျန်တဲ့ ရေတွင်း(၁၂)ခုရှိပါတယ်။ တစ်နည်းအားဖြင့် ရာခိုင်နှုန်းအားဖြင့် (၉၃.၁၈) ရာခိုင်နှုန်း လျော်ပေးပြီး ဖြစ်ပါတယ်။ နှစ်ရှည်သီးနှံပင်များအတွက် ထန်းအပင်ပေါင်း(၃၄၃၉၁)ပင်၊ သရက် (၂၅၇)ပင်၊ ဇီး(၉၀၆)ပင်နှင့် သနပ်ခါး(၂၆၅၃)ပင်အတွက် ငွေကျပ်သိန်းပေါင်း(၂၃၂၃.၄၉) ထုတ်ပေး ပြီးတော့ ထုတ်ယူရန် ထန်းကတော့(၁၃၀၈၀)ပင်နဲ့ သရက်ကတော့(၆၈)ပင် ကျန်ပါသေးတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် ကော်မတီရဲ့ လမ်းညွှန်မှုအရ ၃-၂-၂၀၁၄ ကနေပြီးတော့ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထပ်တိုးထောက်ပံ့ကြေးအဖြစ် မြေဧကပေါင်း(၄၇၃၈.၁၂) ဧကကို ငွေကျပ်သိန်းပေါင်း(၃၂၀၅၀.၁၅)ကို ထုတ်ပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြေဧက(၁၈၈၉.၄၁)ဧက ကျန်တဲ့အတွက်ကြောင့်မို့လို့ ရာခိုင်နှုန်းအားဖြင့် ပြောမယ်ဆိုရင်တော့ (၇၁.၆၆)ရာခိုင်နှုန်းကိုတော့ ကျွန်တော်တို့ ထုတ်ပေးပြီးဖြစ်ပါကြောင်း တွေ့ရှိရပါမယ်။ ဒီအချိန်မှာ အလုပ်အကိုင်ကို စောင့်ဆိုင်း နေတဲ့ကာလအတွင်းမှာ မြေယာစွန့်လွှတ်သူများအတွက် သီးခြား Contribution Plan အရ အလုပ်

အကိုင် အခွင့် [illegible] ရက်နေ့အထိ တောင်သူ(၉၀၂)ဦးအတွက် ကျပ်သိန်းပေါင်း(၃၄၇၈၇.၁၂)ကို ၎င်းတို့ရဲ့ ငွေစုဘဏ်စာအုပ်များကို ထည့်သွင်းပေးပြီး ဖြစ်ပါတယ်။

မြေယာလျော်ကြေးရရှိခြင်းမရှိတဲ့ တောင်သူများမှ နှစ်စဉ်သီးနှံ ထောက်ပံ့ရယူလိုမှုအတွက်နှင့် ပတ်သက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ပြမှုအပေါ် ၁၉-၅-၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၇) က အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါတယ်။ (က) လက်ပံတောင်းတောင်၊ ကြေးနီ စီမံကိန်းနဲ့ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အချက်များအတိုင်းသာ ဆောင်ရွက်သွားရန်။ (ခ) နိုင်ငံတော်မှ ခွင့်ပြုထားသော စီမံကိန်းဖြစ်သောကြောင့် အစိုးရ၏ စီမံခန့်ခွဲမှုဖြင့်သာ မြေငှားရမ်းနိုင်ပြီး တောင်သူများက နိုင်ငံခြားကုမ္ပဏီများနှင့် တိုက်ရိုက်မြေငှားရမ်းစာချုပ်ချုပ်ဆိုလိုမှုသည် ဥပဒေနှင့် ညီညွတ်မှုမရှိသောကြောင့် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေကြောင်းအရသာ ဆောင်ရွက်သွားရန်လို့ ဖော်ပြထားပါတယ်။

သို့ဖြစ်ပါ၍ မူလမြေသိမ်းဆည်းစဉ်ကာလက မြေယာလျော်ကြေး ရယူခြင်းမရှိခဲ့သော တောင်သူများရဲ့ မြေပိုင်ဆိုင်မှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက စာရင်းကောက်ယူ၍ တိကျသော စာရင်းဇယားရရှိရေး စိစစ်ဆောင်ရွက်ပြီးတော့ ဝမ်ပေါင်ကုမ္ပဏီရဲ့ ဆက်သွယ်ပေးပို့လာတဲ့ ဝန်ကြီးဌာနအနေနဲ့ အစီရင်ခံစာပါအတိုင်း နစ်နာကြေးများ၊ ထပ်တိုးထောက်ပံ့ခြင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းမရမီ ထောက်ပံ့ကြေး (Contribution Plan) များအား အခြားလျော်ကြေး ရယူပြီးသည့် မြေသိမ်းဆည်းခံ တောင်သူများနည်းတူ ကုမ္ပဏီကနေပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားသည့်အတိုင်း ၁၆-၃-၂၀၁၃ ရက်နေ့မှစပြီးတော့ တွက်ချက်ပြီး အမြန်ဆုံး ပေးအပ်နိုင်ရန် အတွက် ကုမ္ပဏီအား အနီးကပ်ကြီးကြပ် တိုက်တွန်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ လျော်ကြေးနှင့် ပတ်သက်ပြီးတော့ သိရမှာက ပထမဆုံး အချိန်အခါက လျော်ကြေးအနေနဲ့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ နောက် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ကော်မရှင်ကနေပြီးတော့ အဲဒီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ လျော်တာကိုတော့ နစ်နာကြေးလို့ သတ်မှတ်ထားပါတယ်။ အဲဒီနောက် ထပ်မံတောင်းတဲ့ဟာကိုတော့ ထပ်မံထောက်ပံ့ငွေလို့ သတ်မှတ်ထားပါတယ်။ အခုထပ်ပြီးတော့ တောင်းတဲ့ဟာကိုတော့ အလုပ်အကိုင် မရမီစပ်ကြား ထောက်ပံငွေ (Contribution Plan) လို့ သတ်မှတ်ထားပါတယ်။ ဒီနေရာမှာ ကျွန်တော်အနည်းငယ် ဖြည့်စွက် ပြောချင်တာကတော့ အခု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကနေပြီးတော့ သူတို့ညှိနှိုင်းနေပုံလေး တစ်ခုရှိပါတယ်။ (၁)ကတော့ အခုတောင်းတဲ့ မြေယာနဲ့ပတ်သက်ပြီးတော့ သူရဲ့ မြေယာလျော်ကြေးကို ထပ်မံတိုးပေးဖို့ဖြစ်နိုင်မလား။ (၂) သူတို့ရဲ့ မြေအစား အခြားရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေယာကို ကုမ္ပဏီကဝယ်ပြီးတော့ အစားထိုးပြီးတော့ပေးလို့ရှိရင် ဖြစ်မလား။ ဒါမဟုတ်လို့ရှိရင် နံပါတ်(၃)က တောင်သူများကနေ တောင်းဆိုတာပါ။ သူတို့က နှစ်စဉ် သီးနှံကြေးကို နှစ်(၆၀)အထိပေးလို့ရှိရင် ဖြစ်မလားဆိုပြီးတော့ အဲဒီအစီအစဉ်ကိုလည်းပဲ ညှိနှိုင်းဆောင်ရွက်နေပါကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဖြေကြားလိုပါတယ်ခင်ဗျား။

နောက်တစ်ခု နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ရဲ့ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများနှင့် အကျိုးတူခံစားခွင့် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ [လက်ပံတောင်း (ကြေးနီ)၊ တကောင်း(နီကယ်)၊ ကမ်းလွန်(သဘာဝဓာတ်ငွေ့)၊ ကျောက်ဖြူ(ရေနက်ဆိပ်ကမ်း)] တွင် တိုင်းရင်းသားပညာရှင်ဝန်ထမ်းများအား အချိုးကျခန့်ထားရန် သတ်မှတ်ချက်များအား စာချုပ်များတွင် ထည့်သွင်း ချုပ်ဆိုထားခြင်း ရှိ/မရှိနှင့် ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသား များအား ဝင်ငွေခွန်ကောက်ခံခြင်း ရှိ/မရှိတို့ကို စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့် အနေနဲ့ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရတို့နဲ့ ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးမေးတဲ့ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုနဲ့ အကျိုးတူလုပ်ငန်းဆောင်ရွက်နေတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ စံပယ်တောင်၊ စံပယ်တောင်(တောင်ဘက်)၊ ကြေးစင်တောင် ကြေးနီစီမံကိန်းနှင့် တကောင်းတောင် ဖယ်ရိုနီကယ်လ် စီမံကိန်းတို့နဲ့ပတ်သက်ပြီးတော့ (က) စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ဒေသမှာရှိတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ မြန်မာနိုင်ငံသားများရဲ့ အလုပ်ခန့်ထားခြင်းနဲ့ ပတ်သက်ပြီးတော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ လုပ်ငန်းစာချုပ်ရဲ့ အပိုဒ်(၂၀)မှာ မြန်မာနိုင်ငံသားများအား သင်တန်းပေးလေ့ကျင့်ခြင်းနဲ့ အလုပ်ခန့်ထားခြင်း အပိုဒ်ခွဲ(၂၀-၁)မှာ ဒီလိုဖော်ပြထားပါတယ်။ မြန်မာ-ဝမ်ပေါင်မိုင်းနင်းကော့ပါး ကုမ္ပဏီအနေဖြင့် ၎င်း၏ စီမံကိန်းများတွင် မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားမည်ဖြစ်ပြီး ၎င်းတို့ အတွက် သင်တန်းများကို ဆောင်ရွက်ပေးရမည်ဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ(၂၀-၄)မှာတော့ မြန်မာ-ဝမ်ပေါင်မိုင်းနင်းကော့ပါးလီမိတက်အနေဖြင့် သတ္တုတွင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များကို ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ခေါ်ဆောင်နိုင်သည်ဟူ၍လည်းကောင်း ထည့်သွင်း ချုပ်ဆိုထားပါတယ်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့ အထိ နိုင်ငံခြားသားဝန်ထမ်း(၆၂၁)ဦး၊ မြန်မာနိုင်ငံသားဝန်ထမ်း(၃၂၈၈)ဦးကို ခန့်ထားပြီးတော့ အချိုး အားဖြင့် ကြည့်မယ်ဆိုရင် (၁၆း၈၄)ရှိပါတယ်။ ဆိုလိုတာက နိုင်ငံခြားသား(၁၆)အချိုး ကျွန်တော်တို့က (၈၄)ဦး ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ ပါဝင်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားများ ဝင်ငွေအပေါ်ကိုတော့ ဝင်ငွေခွန်များကို မြန်မာနိုင်ငံ ကုန်သွယ်မှုဘဏ် ရန်ကုန် (MFTB Yangon) ကို ပေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ နံပါတ်(ခ)အနေနဲ့ စံပယ်တောင်၊ စံပယ်တောင်(တောင်ဘက်)နဲ့ ကြေးစင်တောင်နဲ့ ပတ်သက်ပြီးတော့ ထုတ်လုပ်မှု ခွဲဝေခံစားတဲ့အပေါ်၊ ခွဲဝေခံစားမှု လုပ်ငန်းအပေါ် စာချုပ်ရဲ့အပိုဒ်(၁၉)မှာ မြန်မာနိုင်ငံသားများနဲ့ ပတ်သက်ပြီးတော့ အပိုဒ်ခွဲ (၁၉-၁)မှာတော့ ဒီလို ဖော်ပြထားပါတယ်။ မြန်မာ-ယန်စီကော့ပါးလီမိတက်အနေဖြင့် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကို ကျိုးကြောင်းညီညွတ် လက်တွေ့ကျစွာ အလုပ်

ခန့်ထားရမည်ဖြစ်ပြီး ၎င်းတို့အတွက် သင်တန်းလေ့ကျင့်ရေးကိစ္စများ ဆောင်ရွက်ပေးရမည်လို့ ဖော်ပြထားပြီးတော့ အဲဒီအပိုဒ်ခွဲ(၁၉-၄)မှာတော့ စီမံကိန်းလုပ်ငန်းများကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာ-ယန်စီကော့ပါးလီမိတက်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ဥပဒေများနှင့်အညီ နည်းပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ခေါ်ဆောင်နိုင်သည်လို့ ဖော်ပြထားပါတယ်။

အဲဒီမှာလည်းပဲ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ နိုင်ငံခြားသားဝန်ထမ်းက (၃၆)ဦး၊ မြန်မာနိုင်ငံဝန်ထမ်းက (၂၁၇၃)ဦး အချိုးအားဖြင့် (၂း၉၈)ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ နိုင်ငံခြားသား ခုန လုပ်ကိုင်နေတဲ့ ဝန်ထမ်းများအပေါ်မှာ ဝန်ထမ်းများဝင်ငွေခွန်ကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) ကို ပေးသွင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ (ဂ) အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မှာရှိတဲ့ တကောင်းတောင်ဒေသမှာရှိတဲ့ တကောင်းတောင်နီကယ်စီမံကိန်း ဖယ်ရိုနီကယ်လ်ထုတ်လုပ်မှုနဲ့ လုပ်ငန်းသဘောတူစာချုပ် အပိုဒ်(၂၂)၊ အပိုဒ်ခွဲ(၂၂-၁)မှာတော့ ဒီလိုဖော်ပြထားပါတယ်။ CNMC Nickel Co;Ltd သည် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ညှိနှိုင်းပြီး ၎င်း၏လုပ်ငန်း၌ မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားပြီး လေ့ကျင့်သင်ကြားမှုကို ဆောင်ရွက်ပေးရမည်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသားများကို ပထမနှစ်တွင် CNMC Nickel Co,Ltd အလုပ်သမားအင်အားစုစုပေါင်း၏ (၂၅)ရာခိုင်နှုန်းထက်မနည်း၊ နောင်နှစ်များတွင် (၇၅)ရာခိုင်နှုန်းထက်မနည်း ခန့်ထားရမည်လို့ ဖော်ပြထားပါတယ်။ ဒီမှာလည်းပဲ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ ဝန်ထမ်းအချိုးကို ကြည့်မယ်ဆိုရင် နိုင်ငံခြားသားဝန်ထမ်းက (၃၉၁)ဦး၊ မြန်မာနိုင်ငံဝန်ထမ်းက (၁၅၃၃)ဦးဖြစ်ပြီးတော့ အချိုးအားဖြင့် (၂၀း၈၀) ဖြစ်ပါတယ်။

အဲဒီမှာလည်းပဲ နိုင်ငံခြားသားဝန်ထမ်းများအပေါ်မှာ ဝင်ငွေခွန်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာရှိတဲ့ MEC ဘဏ်သို့ ပေးသွင်းလျက်ရှိပါတယ်။ (ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁) အမှုထမ်းများနဲ့ အလုပ်သမားများခန့်ထားခြင်း ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)မှာ ရင်းနှီးမြှုပ်နှံသူဟာ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံခြားသား ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမ(၂)နှစ်အတွင်း နိုင်ငံသားအနည်းဆုံး(၂၅)ရာခိုင်နှုန်း၊ ဒုတိယ(၂)နှစ်အတွင်း အနည်းဆုံး (၅၀)ရာခိုင်နှုန်း၊ တတိယ(၂)နှစ်အတွင်း အနည်းဆုံး(၇၅)ရာခိုင်နှုန်း ခန့်ထားပြီး ဖြစ်ရမည်။ သို့ရာတွင် အသိပညာကို အခြေခံသောလုပ်ငန်းများအတွက် ကော်မရှင်က သင့်လျော်သော အချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပြောင်းလဲနိုင်သည်လို့ ဖော်ပြထားပါတယ်။

အဲဒီဥပဒေနှင့်အညီ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ စံပယ်တောင်၊ စံပယ်တောင် (တောင်ဘက်)နဲ့ ကြေးစင်တောင်ကြေးနီစီမံကိန်းများနှင့် တကောင်းတောင် နီကယ်စီမံကိန်းများမှာ ခန့်ထားတဲ့ နိုင်ငံခြားသားနဲ့ မြန်မာနိုင်ငံသားဦးရေအချိုးဟာ ကိုက်ညီမှု ရှိပါကြောင်းနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဟာဖြင့် စီးပွားဖြစ်စတင်ထုတ်နိုင်ဖို့ ဒီနေရာမှာတော့ တည်ဆောက်ရေးအတွက် လုပ်ငန်းများကို လုပ်ဖို့ကျန်တဲ့ အတွက်ကြောင့်မို့လို့ နိုင်ငံခြားသားဦးရေဟာ များနေကြောင်းကို

ကျွန်တော်တို့ တွေ့ရှိရပါတယ်။ (င) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေနဲ့လည်း အထက်ဖော်ပြပါ ကုမ္ပဏီများရဲ့ ပူးတွဲစီမံကိန်းကော်မတီ (Joint Management Committee) အစည်းအဝေးပွဲမှာ မြန်မာဝန်ထမ်းများကို လေ့ကျင့်ပညာပေး သင်ကြားပြီးတော့ မြန်မာ့ ကျွမ်းကျင်ပညာရှင်များနဲ့ ဝန်ထမ်းများ တိုးချဲ့ခန့်ထားဖို့ နိုင်ငံခြားသားဝန်ထမ်းများကို လျှော့ချဖို့တော့ အစဉ်တစိုက် ကျွန်တော်တို့ တွန်းအားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားများဟာ ၎င်းတို့ရဲ့ဝင်ငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန် ပေးသွင်းလျက်ရှိပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြပါမယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာ ကုန်းတွင်းပိုင်းနဲ့ ကမ်းလွန်လုပ်ကွက်တွေမှာ နိုင်ငံခြားရေနံကုမ္ပဏီများနဲ့ အကျိုးတူပူးပေါင်းပြီးတော့ ထုတ်လုပ်မှု အပေါ်မှာ ခွဲဝေခံစားရေး စာချုပ်များကို ချုပ်ဆိုပြီး ရေနံရှာဖွေရေးလုပ်ငန်းတွေကို လုပ်ကိုင်လျက် ရှိပါတယ်။ တိုင်းရင်းသားပညာရှင်ဝန်ထမ်းများအား အချိုးကျခန့်ထားရန် ထပ်ဝေခွဲမှုအပေါ်မှာ သူ့ရဲ့ စာချုပ် အခန်း(၁၅)၊ အလုပ်ခန့်ထားခြင်းနဲ့ သင်တန်းမှာတော့ ဖော်ပြထားတာ ကန်ထရိုက်တာသည် ရေနံလုပ်ငန်းဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့်ဦးရေအတိုင်း အလုပ်သမား ရွေးချယ်ခန့်ထား၊ ခန့်အပ်ရမည်။ ကန်ထရိုက်တာသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အရည်အချင်းပြည့်မီသည့် မြန်မာနိုင်ငံအလုပ်သမားများကို ခန့်အပ်ရန် ကြိုးပမ်းအားထုတ်ရမည်။ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအဆင့်တိုင်းမှာ Staffing Plan ကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရမည်။ စီမံခန့်ခွဲမှုကော်မတီမှ မြန်မာနိုင်ငံသား ခန့်ထားမှုကို အခါအားလျော်စွာ စိစစ်သုံးသပ်ရမည်လို့ ထည့်သွင်းဖော်ပြထားပါတယ်။ ဝင်ငွေခွန်နဲ့ ပတ်သက်ပြီးတော့လည်းပဲ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ သက်ဆိုင်ရာ နိုင်ငံခြားရေနံကုမ္ပဏီများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံခြားသားတစ်ဦးစီရဲ့ လစာငွေကနေပြီးတော့ တည်ဆဲဝင်ငွေခွန် ဥပဒေအရ ပေးဆောင်လျက်ရှိပါတယ်။

အဲဒီလို ပေးဆောင်တဲ့နေရာမှာ နိုင်ငံခြားငွေနဲ့ ညီမျှတဲ့ မြန်မာကျပ်ငွေကို ပြောင်းလဲ တွက်ချက်ပြီးတော့ မြန်မာနိုင်ငံသားများ ဝင်ငွေတွက်ချက်နည်းအတိုင်း ဝင်ငွေခွန် (Cooperate Income Tax) ကောက်ခံကာ (၃)လ တစ်ကြိမ် ပြည်တွင်းအခွန်များဦးစီးဌာနကို ပေးသွင်းလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်ကို တင်ပြပါမယ်။ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ အခန်း(၁၆)၊ ပုဒ်မ ၇၅ မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူဟာ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်တဲ့ လုပ်ငန်းများအတွက် နိုင်ငံသား ကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်တဲ့နေရာမှာ လုပ်ငန်း စတင်သည့်နှစ်မှ ပထမ(၂)နှစ်အတွင်း နိုင်ငံသားအနည်းဆုံး (၂၅)ရာခိုင်နှုန်း၊ ဒုတိယ(၂)နှစ် အတွင်းမှာ အနည်းဆုံး(၅၀)ရာခိုင်နှုန်း၊ တတိယ(၂)နှစ်အတွင်းမှာ အနည်းဆုံး(၇၅)ရာခိုင်နှုန်း ခန့်ထား ပြီးဖြစ်ရမယ်လို့ ပါရှိပါတယ်။

ဆက်လက်ပြီးတော့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းနဲ့ ပတ်သက်ပြီးတော့ တင်ပြပါမယ်။ ရခိုင်ကမ်းလွန်မှာ POSCO Daewoo International Corporation (Myanmar E&P) ကနေပြီးတော့ Operator အဖြစ် ဦးဆောင်ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ထုတ်လုပ်လျက် ရှိပါတယ်။ အဆိုပါ စီမံကိန်းဟာလည်းပဲ ရခိုင်ပြည်နယ်မှာ တည်ရှိသော်လည်းပဲ အခွန်ပေးဆောင်ခြင်း လုပ်ငန်းများတွေကိုတော့ POSCO Daewoo International Corporation (Myanmar E&P) က ရုံးချုပ်တည်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ခြင်းလုပ်ငန်းများမှာ လုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံခြားသားများ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းကိုတော့ ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးမှာ အခွန်ပေးဆောင်လျက်ရှိကြောင်းနဲ့ ရခိုင်ပြည်နယ်မှာ ပေးသွင်းခွင့် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြမှုကို ဆက်လက်ပြီး ကျွန်တော်တင်ပြပါမယ်။ ပြည်တွင်းအခွန်များဦးစီးဌာနက ရသင့်ရထိုက်တဲ့ အခွန်အကောက်များကို လွတ်ကင်းမှု၊ လျော့နည်းမှု မရှိစေဘဲ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ ကောက်ခံဆောင်ရွက်လျက် ရှိပါတယ်။ စီမံကိန်းများကနေပြီးတော့ လုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံခြားသားများကို ဝင်ငွေခွန်ကောက်ခံခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး လက်ပံတောင်းတောင်နဲ့ ကြေးနီစီမံကိန်းမှာ နိုင်ငံခြားသားပညာရှင် (၈၆)ဦးကနေပြီးတော့ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း လစာဝင်ငွေပေါင်း ကျပ်သန်းပေါင်း(၅၅၅.၃၅၉)သန်း၊ တကောင်းနီကယ် စီမံကိန်းမှာတော့ နိုင်ငံခြားသားပညာရှင်(၃၄၅)ဦးကနေ ၂၀၁၆-၂၀၁၇ မှာဖြင့် စည်းကြပ်နှစ်အတွင်းမှာ ဝင်ငွေလစာပေါင်း ကျပ်သန်း(၁၀၀.၆၅၅)သန်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့နဲ့ ကျောက်ဖြူရေနက်စီမံကိန်းမှာတော့ နိုင်ငံခြားသားပညာရှင်(၄၅)ဦးက ၂၀၁၆-၂၀၁၇ မှာ စည်းကြပ်နှစ်အတွက် လစာဝင်ငွေ (၆၈၀.၄၇၈)သန်း ကောက်ခံရရှိပြီးကြောင်း ကျွန်တော့်အနေနဲ့ ဖြေရှင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင် မှ မေးမြန်းလာတဲ့ မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားမှာ ဖမ်းဆီးရရှိတဲ့ တရားမဝင်သစ်များကို ဖမ်းဆီး သိမ်းဆည်းရရှိတဲ့အချိန်မှ ရက်ပေါင်း(၉၀)အတွင်း သက်ဆိုင်ရာမှာ လေလံတင်ရောင်းချခြင်း အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနဟာ တရားမဝင် ဖမ်းဆီးခြင်းနှင့် ပတ်သက်ပြီးတော့ စီမံချက်များကို ချမှတ်ပြီးတော့ ဖမ်းဆီးပါတယ်။ သတင်းရယူစီမံဖော်ထုတ်ပြီးတော့ ဖမ်းဆီးပါတယ်။ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့လည်း ဖမ်းဆီးပါတယ်။ ပုံမှန်အစီအစဉ်များနဲ့လည်း ဖမ်းဆီးပါတယ်။ ပြည်ပကို ခိုးယူနိုင်တဲ့ လမ်းကြောင်းများကိုလည်း ပိတ်ဆို့ဖမ်းဆီးတဲ့ စတဲ့ နည်းလမ်း(၅)သွယ်နဲ့ ဖမ်းတဲ့အခါမှာ အခု ၂၀၁၆-၂၀၁၇ မှာဆိုလို့ရှိရင် မတ်လကုန်အထိ တရားမဝင်သစ်အားလုံး ကျွန်တော်တို့ တန်ပေါင်း(၅၀၀၂၆)တန် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီဟာတွေဟာ သစ်တောဦးစီးဌာနဟာ ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်များနဲ့ ပတ်သက်ပြီးတော့ ဖမ်းဆီးရမိသစ်များ ဆွေးမြည့်ပျက်စီး ပျောက်ဆုံးမှုမရှိမီ စီမံ

ခန့်ခွဲခြင်းနဲ့ သယံဇာတများကို အကျိုးရှိစွာ အသုံးချရန်၊ နိုင်ငံ့ဘဏ္ဍာငွေ လျော့ပါးမှုနည်းပါးစေရန်နှင့် ဖမ်းဆီးရမိတဲ့သစ်များ ပုံစံ(၈)သစ်များကို ခွဲဝေရောင်းချအသုံးပြုရေး စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ချက်များနဲ့ ဖမ်းဆီးရမိ ပုံစံ(၈)ဝင် သစ်များ ဖမ်းဆီးရရှိမှုနှင့် ရောင်းချမှုအပေါ်မှာ စီမံခန့်ခွဲရေး မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ဖမ်းဆီးရမိတဲ့ သစ်များဟာ သစ်တောဦးစီးဌာနရုံး၊ စခန်းများနဲ့ ဝေးကွာပြီးတော့ ထိန်းသိမ်း စောင့်ရှောက်ဖို့ ဝန်ထမ်း အကန့်အသတ်ရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့များကို အပ်နှံထား ရှိခြင်း၊ ဖမ်းဆီးရမိတဲ့သစ်များ သယ်တဲ့နေရာမှာ ယာဉ်ယန္တရား၊ လုပ်အားခ၊ လုံခြုံရေး ကန့်သတ်ချက် စတဲ့ အခက်အခဲများရှိသော်လည်း သယ်ဆောင်ရန် အခြေအနေပေးတဲ့ ဖမ်းဆီးရရှိတဲ့သစ်များကိုတော့ လုံခြုံစိတ်ချတဲ့ နေရာများကို သယ်ယူထိန်းသိမ်းထားခြင်း၊ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိတဲ့သစ်တွေ၊ သစ်တော အရာရှိက စီမံခန့်ခွဲမှုရေးရာမှာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပြီးဖြစ်တဲ့ ဖမ်းဆီးရမိတဲ့သစ်များနဲ့ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရာတွင် တရားရုံးက ချမှတ်ဖမ်းဆီးတဲ့ ချမှတ်ခဲ့တဲ့ ဖမ်းဆီးရန်သစ်များကိုတော့ သစ်တောဦးစီးဌာနက ပုံစံ(၈)စာရင်းမှာ သွင်းပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ မြန်မာ့သစ်လုပ်ငန်းကို အမြန်ဆုံး လွှဲပြောင်းလက်ခံ အကြောင်းကြားခြင်း၊ ရက်ပေါင်း(၂၀)အတွင်းကာလမှာ မြန်မာ့သစ် လုပ်ငန်းက လက်ခံရရှိမှုမရှိခြင်း သို့မဟုတ် လက်ခံရန် အကြောင်းမပြန်ဘူး ဆိုရင်တော့ဖြင့် အဲဒီ ပုံစံ(၈)သစ်များကို ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူများသုံးစွဲရန်အတွက် ရည်ရွယ်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကျော်လွန်သယ်ယူခွင့်မပြုတဲ့ ကန့်သတ်ချက်နဲ့ သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးရုံးမှာ စျေးပြိုင်စနစ်နဲ့ လေလံတင် ရောင်းချခြင်းများကို စီမံခန့်ခွဲလျက်ရှိပါတယ်။

အဲဒီအပြင် ကျွန်တော်တို့ ဒီ အစိုးရသစ်လက်ထက်မှာ ၂၀၁၆-၂၀၁၇ မှာပဲ သစ်တောဦးစီး ဌာနရဲ့ ပုံစံ(၈)ဝင် သစ်များကို လေလံတင်ရောင်းချခြင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူများ လိုအပ်ချက်များအတွက် ဖြည့်ဆည်းရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များကို ကျွန်တော်တို့ အောက်မှာဖော်ပြထားတဲ့ လမ်းစဉ်(၇)ဆင့်နဲ့ တစ်ကြိမ်လျှင် သစ်ခွဲသားတန်(၂၀၀)ထက်မပိုဘဲ ဖြည့်ဆည်းရောင်းချပေးပါတယ်။ လိုအပ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ထပ်မံပြီးတော့ မိမိရဲ့တိုင်းဒေသရဲ့ လိုအပ်ချက်ကို ထပ်မံတင်ပြပြီးတော့လည်းပဲ တောင်းခံလို့ရှိရင် ကျွန်တော်တို့ ရောင်းချပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော် ခုန တင်ပြတဲ့လုပ်ငန်းစဉ် (၇)ဆင့်ကိုတော့ ကျွန်တော် အနည်းငယ် ဖော်ပြလိုပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ၊ သစ်တောဦးစီးဌာနက ပုံစံ(၈)စာရင်းဝင်သစ် တမလန်း၊ ပိတောက်၊ သင်းဝင် မှအပ စဉ်ဆက်မပြတ် ရောင်းချနိုင်ရေးကို ဆောင်ရွက်ပါတယ်။ လိုအပ်ချက်အပေါ် မူတည်ပြီးတော့ တစ်ကြိမ်လျှင် သစ်ခွဲတမ်းတန်(၂၀၀)ထက်မပိုဘဲ ရောင်းချပေးရေးနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ များမှ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး အကြောင်းကြား ပါတယ်။ (၁) သစ်တောဦးစီးဌာနအနေနဲ့ ကြမ်းခင်းသတ်မှတ်စျေးနဲ့ ပုံစံ(၈) သစ်များအတွက် အခွန် တော်ငွေများကို ပေးသွင်းစေပြီးတော့ သစ်များကို ကျွန်တော်တို့ လွှဲပြောင်းပေးအပ်ပါတယ်။

နောက်တစ်ခုက လိုင်စင်ရသစ်စက်နေရာများကို သစ်တောဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ သယ် ယူခြင်း၊ ခွဲစိတ်ခြင်း၊ သယ်ယူပို့ဆောင်ခနဲ့ ခွဲစိတ်ခတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ကျခံခြင်း၊

နောက်တစ်ချက်အနေနဲ့ကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားတဲ့ အဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ပြည်သူ့သစ်များအား ခွဲစိတ်ခြင်းကို သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ကြီးကြပ်ဆောင်ရွက်ခြင်း၊ (စ) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ကြီးကြပ်မှုနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့က သစ်လိုအပ်ချက် အမှန်ရှိတဲ့ ပြည်သူများကို သတ်မှတ်ဈေးနှုန်းဖြင့်သာ တိုက်ရိုက်ရောင်းချခြင်း၊ (ဆ) အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ လက်ဝယ်မှာရှိတဲ့ ပိုလျှံတဲ့ သစ်များကို တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ ကြီးကြပ်မှုများကနေပြီးတော့ တိုက်ရိုက်လေလံရောင်းချခြင်းတို့ ဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ရက်ပေါင်း(၉၀)အတွင်း လေလံသစ်များရောင်းချခြင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် အထက်ကဖော်ပြတဲ့ ဖမ်းဆီးရမိ ပုံစံ(၈)ဝင်သစ်များ ဖမ်းဆီးရရှိမှုနဲ့ ရောင်းချမှုအပေါ် စီမံခန့်ခွဲရေးဆောင်ရွက်တဲ့ မူဝါဒအရ ရက်ပေါင်း(၉၀)အတွင်း လေလံတင် ရောင်းချခြင်း၊ လွှဲပြောင်းခြင်းတို့ကို သာမန်အားဖြင့်တော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါပေမဲ့ ဆက်လက်တင်ပြရမယ့်ကိစ္စများနဲ့ ပတ်သက်ပြီးတော့ ဒါနဲ့ပတ်သက်လို့လည်းပဲ ကိုယ်စားလှယ်တော်ကြီးလည်း ခုနက ပြောကြားတဲ့အထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သစ်များအတွက် ရက်ပေါင်း(၉၀)ထက် ကျော်လွန်ပြီးမှသာ သစ်တောဦးစီးဌာနဟာ ဖမ်းဆီးရမိတဲ့သစ်များကို ဘဏ္ဍာငွေဆုံးရှုံးမှုမရှိအောင် အချိန်မီ လွှဲပြောင်းခြင်း၊ လေလံတင်ရောင်းချခြင်းများကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖော်ပြအပ်ပါတယ်။

အချက်အလက်များကတော့ (က) အချို့သောတရားရုံးများမှာ တရားစွဲဆိုတဲ့ ဖမ်းဆီးသစ်များနဲ့ ပတ်သက်ပြီးတော့ သစ်တောပုဒ်မ ၄၇(က)မှာကတော့ တရားရုံးသည် ပြစ်မှုနှင့် သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်နှင့် ပုဒ်မ ၄၈(က)မှာတော့ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းရမည်လို့ ပြဋ္ဌာန်းချက်များအရ တရားရုံးက စီရင်ချက်ချမှတ်ပြီးတဲ့ အချိန်မှသာ အဆိုပါသစ်များကို သစ်တောဦးစီးဌာနကို တရားဝင်လွှဲပြောင်းပါသဖြင့် တရားရုံး၏ စီရင်ချမှတ်တဲ့ အချိန်ကာလ ကြာမြင့်တဲ့အပေါ်မှာလည်း ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။

(ခ) အနေနဲ့ကတော့ အချို့သောတရားမဝင်သစ်များ ဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ တောင်ကမ်းမတ်စောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရန် ခက်ခဲတဲ့တောတွင်းနေရာများမှာ ဖမ်းဆီးရမိခြင်း၊ လုံခြုံရေးအကန့်အသတ်ရှိတဲ့နေရာများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိခြင်း၊ ရာသီဥတုအခြေအနေနဲ့ မိုးတွင်းကာလကြုံကြိုက်ခြင်း စတဲ့ တရားမဝင်သစ်များ ဖမ်းဆီးရမိတဲ့အခြေအနေအရ အဆိုပါ ဖမ်းဆီးရမိတဲ့သစ်များအား ဖမ်းဆီးရမိတဲ့နေရာက လုံခြုံစိတ်ချရတဲ့နေရာများကို သယ်ယူရန်အတွက် အချိန်ကာလ ကြာမြင့်ခြင်းတို့အပေါ်လည်း ကျွန်တော်တို့ ကြည့်ပြီးတော့ ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ ခုနကပြောတဲ့ ကိုယ်စားလှယ်တော်ကြီး ပြောကြားသွားတာ ပါ ပါတယ်။ ဝန်ထမ်းများအကျင့်စာရိတ္တနဲ့ပတ်သက်ပြီးတော့ မှန်ပါတယ်။ တချို့ ဒီလိုဝန်ထမ်းများဟာ ပုံစံ(၈) သစ်နဲ့ ပတ်သက်ပြီးတော့ မရိုးမသားလုပ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဝန်ထမ်းအားလုံး အကြီး၊ အငယ်ပေါ့လေ။ အားလုံး(၂၀)လောက်ကို ကျွန်တော်တို့ အရေးယူထားပြီးဖြစ်ကြောင်းလည်း ကျွန်တော် ဖြည့်စွက်ဖြေကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားမှာ ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်များအနက် အထက်ဖော်ပြပါ အခြေအနေများအရ အခြားသော ဖမ်းဆီးရမိသည့်သစ်များအတွက်မူ ရက်ပေါင်း(၉၀)ထက်ကျော်လွန်ပြီးမှသာ လေလံတင်ရောင်းချနိုင်မည်ဖြစ်သော်လည်း သာမန်အားဖြင့် ပုံစံ(၈)ဝင်သစ်များ ဖမ်းဆီးရရှိမှုနှင့် ရောင်းချမှုအပေါ် စီမံခန့်ခွဲသည့် မူဝါဒပါ လုပ်ငန်းစဉ်အဆင့်များနှင့်အညီ ပုံစံ(၈) ရေးသွင်းပြီးတော့ မြန်မာ့သစ်လုပ်ငန်းကို လွှဲပြောင်းပေးခြင်း၊ မြန်မာ့သစ်လုပ်ငန်းက လက်ခံမရရှိပါက၊ မရယူလိုပါက ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများရဲ့ သစ်လိုအပ်ချက် ဖြည့်ဆည်းရန် လေလံတင်ရောင်းချခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှတစ်ဆင့် တိုက်ရိုက်ရောင်းချပေးခြင်းတို့ကို သာမန်အားဖြင့် ဖမ်းဆီးသိမ်းဆည်းရရှိတဲ့အချိန်မှ ရက်ပေါင်း(၉၀)အတွင်း လေလံတင် ရောင်းချလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် နည်းနည်းလေး ဖြည့်စွက် ဖြေကြားလိုတာက ပိုင်ရှင်မဲ့ ဖမ်းမိလို့ရှိရင်ကတော့ သစ်တောဦးစီးဌာနက ပုံစံ(၈)ကို တိုက်ရိုက်သွင်းလို့ရပါတယ်။ ပိုင်ရှင်ရှိပြီးတော့ ဖမ်းမိလို့ရှိရင် (၂)မျိုးဖြစ်ပါတယ်။ ကျွန်းဆိုလို့ရှိရင်ကတော့ ရဲအရေးယူပိုင်ခွင့် ဖြစ်ပါတယ်။ အဲဒီတော့ ရဲအရေးယူပိုင်ခွင့် ပြတ်မှသာလျှင် သစ်တောဦးစီးဌာနက ပုံစံ(၈) ဝင်ပါတယ်။ အကယ်၍ ကျွန်းမဟုတ်ဘဲနဲ့ အခြားသားဆိုလို့ရှိရင်တော့ ကျွန်တော်တို့ တရားရုံးကနေပြီးတော့ တရားရုံးကို သစ်တောဦးစီးဌာနက နေပြီးတော့ ဦးတိုက်လျှောက်ထားပြီးတော့ အဲဒီတရားရုံးက ပြတ်မှသာလျှင် ပုံစံ(၈)သစ် ဝင်ပါကြောင်းနှင့် ဤကဲ့သို့ ပုံစံ(၈)သစ် ဝင်ပြီးမှသာလျှင် ခုန သစ်တောဦးစီးဌာနက ခုနကနေပြီးတော့ ရောင်းချခြင်း၊ လေလံတင်ခြင်းများကို ဆောင်ရွက်နိုင်တာဖြစ်ပါကြောင်း ဖြည့်စွက် ဖြေကြားလိုပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ရဲ့ သဘာဝဘေးမဲ့ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စားရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံနှင့် ရေခဲတောင်ဒေသမှ ကော်ဒီဆက်ပ်ခေါ် ရှီးပတီးပိုးနွယ်ပင်တို့အား အလေ့ကျသဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင်များ ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနဟာ ဒီ ကျွန်တော်တို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကာကွယ်ထိန်းသိမ်းရန်အတွက် နိုင်ငံတကာသဘောတူညီချက်ဖြစ်တဲ့ ဇီဝမျိုးစုံမျိုးကွဲ (Convention on Biological Diversity-CBD) နှင့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES)၊ ကမ္ဘာ့အဆင့် အရေးပါသော ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်း-ရမ်ဆာကွန်ဗင်းရှင်း (Convention on Wetlands of International Importance especially as Waterfowl Habitat) တို့မှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမှာ နိုင်ငံတကာ ကုန်သွယ်မှုကြောင့် ခုနက ကိုယ်စားလှယ်တော်ကြီး ခုနက ရှင်းတဲ့အထဲမှာ ပါ ပါတယ်။ ကျွန်တော်တို့ရဲ့ ဘေးမှာရှိတဲ့ နိုင်ငံကြီးတွေဟာ သားရဲတိရစ္ဆာန်တွေရဲ့ အကောင်ဘလောင်တွေရဲ့ သစ်ပင်တွေရဲ့ အပင်တွေရဲ့ဟာတွေကို ဆေးဖက်ဝင် ဖော်ထုတ်ရောင်းချပြီးတော့ အကြီးအကျယ် ကြီးပွားတိုးတက်နေကြောင်း ကြားသိရပါတယ်။ မှန်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတကာ ကုန်သွယ်မှုကြောင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ပျောက်ဆုံးသွားခြင်းကို ကာကွယ်နိုင်ရန် CITES ကို ဖွဲ့စည်းထားခြင်းဖြစ်ပြီးတော့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၁၈၀)ကျော် ပါဝင်ကာ နိုင်ငံတကာကုန်သွယ်မှု (International Trade) ကြောင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များထိခိုက်မှုကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကို စိုက်ပျိုးမွေးမြူပြီး ပြည်ပကိုတင်ပို့ရာမှာ CITES ပြဋ္ဌာန်းချက်များကို လိုက်နာနိုင်ရမှာဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) အရလည်း မျိုးစိတ်ကို ကာကွယ်ထားတဲ့ အဆင့်အလိုက် စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ ပြည်ပကို တင်ပို့နိုင်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်ကြောင်း ဖော်ပြထားပါတယ်။

ဒါကြောင့်မို့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဆတ်၊ သမင်၊ ဝက်ဝံနှင့် ကတိုးတို့အနက် သမင်၊ ဝက်ဝံနှင့် ကတိုး တို့မှာ ကျွန်တော်တို့ လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များစာရင်းထဲမှာ ပါရှိတဲ့အပြင် စီးပွားဖြစ်မွေးမြူရန် ဥပဒေအရ ခွင့်ပြုပေး၍မရပါကြောင်း ဖော်ပြအပ်ပါတယ်။ ဆတ် ကတော့ သာမန်ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန် စာရင်းထဲမှာ ပါတဲ့အတွက်ကြောင့်မို့လို့ စီးပွားဖြစ် မွေးမြူထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းများကို ဥပဒေအရ ခွင့်ပြုပေးလျက် ရှိပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံမှာရှိတဲ့ ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကို ထိရောက်စွာထိန်းသိမ်းရန် ဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် ထိန်းသိမ်းကာကွယ်မှုတို့ကို မြှင့်တင်နိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်းမှာ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်စေမည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ဝန်ကြီးဌာနဟာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နေရင်းဒေသမှာ ကာကွယ်ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းမှာ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရေးတို့ကို အလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ တင်ပြထားတဲ့ သဘာဝဘေးမဲ့ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စား ရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံနှင့် ရေခဲတောင်ဒေသများမှ ကော်ဒီဆက်ပ် ခေါ် ရှီးပတီးပင်တို့အား အလေ့ကျ သဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင်ပစ္စည်းများ ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရန် မရှိပါကြောင်းနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များရှိ၍ ဆက်သွယ်လာပါက သက်ဆိုင်ရာဦးစီးဌာနမှ

လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ ၃၁ - ၅ -၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် ၈ - ၆ -၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၅ - ၇ -၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်မင်း က အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယ အကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ယခု တင်သွင်းမယ့် ဥပဒေမှာ မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)မှာပါတဲ့ အသက်(၇၀)နှစ် အထက်မကြီးသူ ဆိုတဲ့စကားရပ်ကို အသက်(၇၅)နှစ်ထက်မကြီးသူ ဆိုတဲ့စကားရပ်နဲ့ အစားထိုး ပြင်ဆင်သွားလိုတာပဲ ဖြစ်ပါတယ်။ ပြင်ဆင် ရတဲ့ရည်ရွယ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ လုပ်ငန်းတာဝန်များကို ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက် အနေနဲ့ကတော့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအနေနဲ့ ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်များကို ပိုမို ထိရောက်စွာ ၎င်းတို့ရဲ့ တန်ဖိုးရှိတဲ့ အတွေ့အကြုံများစွာကို အခြေခံပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် အသက်အရွယ် ကန့်သတ်ချက်ကို တိုးမြှင့် ပြင်ဆင်ခြင်းဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် အခုတင်ပြတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် မှ လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဇော်မင်း တင်သွင်းသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]